EVERY HOME MYANMAR

# ဝိညာဉ်အာဟာရ

စာစောင်

ဇူလိုင်လ၊ ၂၀၂၂ အတွဲ-၁၊ အမှတ်စဉ်-၂



ဆရာကြီးသာလှ၊ အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့အမှုတော်ဆောင်များနှင့် ပင်းပက် (၁)လ သင်တန်းသားများ အမှတ်တရဓာတ်ပုံ

## ယုံကြည်သူ လူသစ်များအတွက် ဝိညာဉ်ပိုင်းဆိုင်ရာ အချက် (၆) ချက်

(စာမျက်နှာ - ၂ သို့)

## ဆုတောင်းသော အသက်တာ၏အခြေခံအချက်များ

(စာမျက်နှာ - ၈ သို့)

## ထံတော်သို့ ဆုတောင်းပဌနာ [၂]

(စာမျက်နှာ - ၁၁

## ချီးမွမ်းခြင်းများ နှင့် ဆုတောင်းချက်များ

(စာမျက်နှာ - ၈ သို့)

## အယ်ဒီတာအာဘော်

(စာမျက်နှာ - ၂ သို့)



## အယ်ဒီတာအာဘော်

ဂါသမြို့သား ဂေါလျက်သည် ဣသရေလလူမျိုးတို့ကို စိန်ခေါ်နေပါသည်။ ဘုရင်ရှောလုနှင့် ဣသရေလစစ်သားတို့သည် ကြောက်ရွံ့စိုးရိမ်နေကြပါသည်။ စိန်ခေါ်မှုကို မတုန့်ပြန်နိုင်ကြပါ။ ထိုအခြေအနေသည် အဘယ်ကြောင့်ဖြစ်နေရပါသနည်း။ ရှောလုကို ဘုရားသခင်ပယ်လိုက်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် ရှောလုကို မျက်နှာသာမပေးတော့သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်သည် ရှောလုကို မျက်နှာသာမပေးတော့သောကြောင့်ဖြစ်ပါသည်။ ရှောလုသည် မည်သည့်အပြစ်ကို ကျူးလွန်ခဲ့သနည်း။ အာမလက်အမျိုးကို ဘုရားသခင်သည် ရှင်းရှင်းဖျက်ဆီးခိုင်းသည်။ သို့ရာတွင် ရှောလသည် အာမလက်ရှင် ဘုရင် အာဂတ်ကို မသတ်ဘဲထားသည်။ ဘုရားသခင်ဖျက်ဆီးခိုင်းသောအရာများကို ယဇ်ပူဇော်ရန် အကြောင်းပြချက်ဖြင့် မဖျက်ဆီးဘဲထားသည်။ ဘုရားသခင်၏စကားကို နားမထောင် ဘုရားသခင်၏လူ ရှမွေလ စကားကိုနားမထောင်သောကြောင့် အဖိုးအခပေးလိုက်ရသည်။ ထိုအရာမှာ ဘုရားသခင်သည် သူ့ဘက်တွင်မရှိတော့သောကြောင့်ဖြစ်ပါသည်။ ရှောလုတွင် ဘုရင် ဘိတ်သိတ်ခန်းခြောက်သွားပါသည်။ ဘိတ်သိတ်ရှိပါသေးသည် သို့ရာတွင် ဝိညာဉ်တော်ဆီခန်းခြောက်သွားသော ဘိတ်သိတ် ဖြစ်နေပါသည်။ ရေခန်းခြောက်သောရေကန် တစ်ခု ရေအိုးတစ်လုံးဖြစ်နေပါသည်။ ကျွန်ုပ်တို့ဆင်ခြင်ရမည့်အရာမှာ ဘုရားသခင်၏စကားကို နားမထောင်လျှင် ဘုရားသခင်ထံမှ မျက်နှာသာပေးခြင်း ချီးမြှောက်ခြင်းများဆုံးရှုံးရမည်ဖြစ်ပါသည်။ ရှောလုသည် ဘုရားသခင်၏စကားကိုပယ်သောကြောင့် သူ၏ရန်သူစိန်ခေါ်မှုကို စိုးရိမ်ကြောက်လန့်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားထောင်အသက်ရှင်ရမည်ကို သတိပြုပါ။ နှုတ်ကပတ်တော်နှင့်လွဲသော ဆင်ခြင်အသက်ရှင်ခြင်းများကို သတိပြုပြီး ထိုလမ်းမှ ထွက်လိုက်ရမည်။ နှုတ်ကပတ်တော်နှင့် မဆိုင်သော လောကီလမ်းများကို သင်သည် မလျှောက်ပါနှင့်။ နှုတ်ကပတ်တော်အတိုင်းမလွဲဘဲ လိုက်လျှောက်အသက်ရှင်ပါ။ အောင်မြင်မှုများရရှိပါမည်။

## ယုံကြည်သူ လူသစ်များအတွက် ဝိညာဉ်ပိုင်းဆိုင်ရာ အချက် (၆) ချက်

ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံပြီး ထိုသခင်၌ အသက်တာကို ဆက်ကပ်အပ်နှံပြီး ပြောင်းလဲကြသော ယုံကြည်သူလူသစ်များဆက်၍ အသက်တာကို တည်ဆောက်ရာတွင် လိုအပ်သော ဝိညာဉ်ပိုင်းဆိုင်ရာ အချက်များကို သမ္မာကျမ်းစာပါ နှုတ်ကပတ်တော်အရ ပြင်ဆင် လျှောက်လှမ်းရန် ဖြစ်ပါသည်။ (ကောလောသဲ၂:၆)တွင် "ထို့ ကြောင့် သင်တို့သည် သခင်ယေရှု၌ခံယူပြီးသည်ဖြစ်၍ ထိုသခင်၌ စိုက်ပျိုးတည်ဆောက်ခြင်းရှိလျက်" ဟုဖော်ပြထားသည်။ ဆိုလိုသည်မှာ ပြောင်းလဲလာသည့်အချိန်မှစ၍ ခရစ်တော်နှင့်မိတ်သဟာရဖွဲ့ပြီး အသက်ရှင်ရမည်ဖြစ်ကြောင်း တွေ့ရပါသည်။ လူသည် အသွေးအသားခန္ဓာကိုယ်အားဖြင့် တစ်ကြိမ်သာမွေးဖွားခဲ့ပါသည်။ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်လက်ခံယုံကြည်သောကြောင့် ဝိညာဉ်တော်၌ ဒုတိယအကြိမ်မွေးဖွားခဲ့ရပါသည်။ ၎င်းကို ရှင်ယောဟန်ခရစ်ဝင်(၃)၌ ဒုတိယအကြိမ်မွေးဖွားခြင်းဟုခေါ်ဆိုပါသည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာအားဖြင့် နောက်တစ်ကြိမ် မမွေးနိုင်သလို ဝိညာဉ်အားဖြင့်လည်း နောက်တစ်ကြိမ်မွေးရန် မလိုပါ။

ဝိညာဉ်ပိုင်းဆိုင်ရာ (၁) – ထာဝရအသက်နှင့်ကယ်တင်ခြင်းစိတ်ချမှု

(ယော၁၇:၃)တွင် ထာဝရအသက်ဆိုသည်ကား အဘယ်နည်း။ ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုငင်း သိကျွမ်းခြင်းတည်းဟု ဖော်ပြပါသည်။ ဆိုသည်မှာ ခရစ်တော်သည် ကျွန်ုပ်တို့ဘဝထဲ၌ရှိလျှင် ကျွန်ုပ်တို့ကို အသစ်ပြောင်းလဲပေးပြီး ကောင်းကင်ဘုံ၌၎င်းနှင့်အတူ ထာဝရစိုးစံရမည့်အကြောင်း (၁ယော၅:၁၁-၁၂)တွင် အာမခံချက်ဖြစ်သည်။ ထိုအသက်သည်လည်း သားတော်၌ရှိပါ၏။ ဘုရားသခင်၏သားတော်ကိုမရသောသူမူကား အသက်ကိုမရဟုဖော်ပြပါရှိသည်။ မေးစရာအကြောင်းရှိပါသည်။ ခရစ်တော်ကိုလက်ခံပြီးမှ အပြစ်ပြုမိလျှင်မည်သို့ဖြစ်မည်နည်း။ ကယ်တင်ခြင်းဆုံးရှုံးမည်မဟုတ်ပါ။ ဥပမာ- ကျွန်ုပ်မှာသားသမီး (၂) ယောက်ရှိသည်။ ထိုအထဲမှ ဆိုးသောကလေးကို အမွေပြတ်စွန့်ပစ်နိုင်မည်လား။ မိဘအနေဖြင့် ဆုံးမအနေဖြင့် ဆုံးမသွန်သင်ရပေမည်။ (ဟေဗြဲ၁၂:၇-၈)တွင် သင်တို့သည် ဆုံးမတော်မူခြင်းကို ခံလျှင်သားတို့ကိုပြုသကဲ့သို့ ဘုရားသခင်သည် သင်တို့ကိုပြုတော်မူမည်။ အကြောင်းမူကား အဖဆုံးမသောသားတို့ကို ပြုသကဲ့သို့ ဘုရားသခင်သည် သင်တို့ကို ပြုတော်မူမည်အကြောင်းမူကား အဖဆုံးမသောသားတစ်ဦး တစ်ယောက်ရှိသလော၊ သားအပေါင်းတို့သည် ခံတတ်

(စာမျက်နှာ - ၅ သို့ ...>>)

# အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ

## ဧဝံဂေလိစာစောင်ဝေငှခြင်း






## ကျမ်းစာသင်တန်းပြုလုပ်ခြင်း






## ရေနှစ်ခြင်းမင်္ဂလာခံယူခြင်း





# အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ

## စေတနာ့အမှုတော်ဆောင်များပါဝင်ဆက်ကပ်ခြင်း









## တပည့်တော်စုအသစ်များ





သော ဆုံးမခြင်းကိုသင်တို့သည်မခံဘဲနေလျှင် သားအရင်း မဟုတ် မင်းဦးမင်းလွင်ရသောသားဖြစ်ကြ၏။ (ယော၊၁း၁၂) မှာ ခရစ်တော်ကို ယုံကြည်လက်ခံသောသူအား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏ဟုဖော်ပြထားသည်။ ထို့ကြောင့် ဘုရားသားသမီးဖြစ်သူအပြစ်ရှိလျှင် ဆုံးမခြင်းခံရမည်။ ဆုံးမခြင်းကို မခံလျှင် ဘုရားသားသမီးမဟုတ်ပါ။ စစ်မှန် သောသားသမီးတစ်ဦး၌ ထာဝရအသက်ရှိသောကြောင့် ကယ်တင်ခြင်းမဆုံးရှုံးနိုင်ကြောင်းတွေ့ရသည်။ ကျွန်ုပ်တို့ အပြစ်ပြုမိလျှင် မှန်သောလမ်းသို့ရောက်ရန် ဆုံးမတော်မူခြင်းခံရမည်။ ဘုရားသည် ကျွန်ုပ်တို့ထဲမှ ကယ်တင်ခြင်းကို ပြန် လည်၍ ရုပ်သိမ်းမည်မဟုတ်။ ကျွန်ုပ်တို့၏ရရှိထားသော ကယ်တင်ခြင်းသည် ထာဝရအတွက်ဖြစ်သည်။

ဝိညာဉ်ပိုင်းဆိုင်ရာ (၂)– ဗတ္တိဇံခံခြင်း (နှစ်ခြင်းခံယူခြင်း)

ယေရှုခရစ်တော်ကို ယုံကြည်လက်ခံပြီး သက်သေအဖြစ်ဆက်၍ လုပ်ဆောင်ရမည့်အရာမှာ ဗတ္တိဇံခံခြင်း(နှစ်ခြင်းခံယူခြင်း)ဖြစ်သည်။ (မဿဲ၊၂၈း၁၉)တွင် သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ အချို့ငယ်ရွယ်စဉ်ဘဝမှာ ဗတ္တိဇံကိုခံခဲ့ပြီးဖြစ်သည်။ သို့သော် ခရစ်တော်က နောက်တော်သို့လိုက်သောသူမှသာ ဗတ္တိဇံခံနိုင် သည်ဟု မိန့်တော်မူသည်။ အကြောင်းမှာ ကလေးဘဝက ခရစ်တော်နောက်လိုက်မဟုတ်သော ခရစ်တော် အကြောင်းလည်း ကောင်းစွာသိရှိနားလည်မှုမရှိသေးပါ။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်ယုံကြည်၍ အပြစ်ထဲမှ နောင်တရပြီး အပြစ်များကို စွန့်လွှတ်၍ ခရစ်တော်ကို ယုံကြည်လက်ခံခြင်းကြောင့် ခရစ်တော်နောက်လိုက်များဖြစ်လာသည်။ တနည်းအားဖြင့် ဗတ္တိဇံသည် ခရစ်တော်နောက်သို့ လိုက်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာ၌ ခရစ်တော်ကိုလက်ခံပြီးသည်နှင့် ဗတ္တိဇံခံကြောင်း တွေ့ရသည်။ ဗတ္တိဇံသည် နှစ်မြုပ်ခြင်းသဘောဖြစ်သည်။ ကျွန်ုပ်တို့ဗတ္တိဇံခံယူသောအခါ တစ်ဦးတစ်ယောက်ကရေထဲမှာ ခန္ဓာကိုယ်နှစ်မြုပ်အောင်နှစ်သည်။ ၎င်းမှာ ခန္ဓာကိုယ်နှစ်မြုပ်ခြင်းအားဖြင့် ခရစ်တော်၏အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်း ထမြောက်ခြင်းကိုပြသခြင်းဖြစ်သည်။ (ရောမ၊၆း၃–၄)တွင် ယေရှုခရစ်၌ဗတ္တိဇံခံသောအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏။ အကြောင်းမူကား၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း။ ရေသည် ကျွန်ုပ်တို့ကို မကယ်တိုင်ပါ။ ခရစ်တော်တစ်ပါးတည်းသာ ကယ်တင်နိုင် သည်။ ကျွန်ုပ်တို့၏ ပထမဆုံး ဗတ္တိဇံခံယူခြင်းသည် ကျွန်ုပ်တို့ ခရစ်တော်နောက်သို့ အမှန်တကယ်လိုက်လျှောက်သူဖြစ်ကြောင်း ဖော်ပြပါသည်။

ဝိညာဉ်ပိုင်းဆိုင်ရာ (၃)– သမ္မာကျမ်းစာကို ဖတ်ရှုဆင်ခြင်ခြင်း)

ကျွန်ုပ်တို့ ခရစ်တော်နောက်လိုက်ဖြစ်ကြောင်း ဗတ္တိဇံအားဖြင့် သက်သေပြပြီးသည်နှင့် ဆက်လက်၍ လုပ်ဆောင်ရမည့်အရာမှာ သမ္မာကျမ်းစာကို ဖတ်ရှုဆင်ခြင်ခြင်းဖြစ်သည်။

(ဆာလံ၊၁း၂)တွင် ထာဝရဘုရား၏တရားတော်၌ တရားတော်ကို နေ့ညမပြတ်ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏ဟု ဖော်ပြထားသည်နည်းတူ (ဆာလံ၊ ၁၁၉း၁၀၅) တွင် နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ထွက်စကားဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာကိုမည်ကဲ့သို့ လေ့လာဆင်ခြင်ဖတ်ရှုမည်နည်း။

၁။ ဥပမာ– ရှင်ယောဟန်ခရစ်ဝင်ကျမ်း ကိုဖတ်ပါ။

၂။ ပထမဆုံး အခန်းငယ်(၁)ကိုဖတ်ပါ။

၃။ ဤကျမ်းချက်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဝိညာဉ်တော်အားဖြင့် ဖွင့်ပြဖော်ပြပေးရန်ပြောပါ။

ဥပမာ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည် လည်းဘုရားသခင်ဖြစ်တော်မူ၏။ (ယော၊၁း၁) ဤကျမ်းချက်ထဲ၌ ဝိညာဉ်တော်ဖော်ပြခြင်းကို သင်ဘာတွေ့သနည်း။

(က) နှုတ်ကပတ်တော်အားဖြင့် ကမ္ဘာကို ဖန်ဆင်းခြင်းအကြောင်း

(ခ) နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း (အငယ်–၁၄)တွင် ခရစ်တော်သည် နှုတ်ကပတ်တော်ဖြစ်ကြောင်း သိရသည်။

၄။ အခန်းငယ် (သို့) အခန်းကြီး တစ်ခုစီကိုဒင်း၊ နည်းလမ်းအတိုင်းလေ့ကျင့် ဖတ်ရှုရန် ဘုရားဖြစ်သူဖြေစ် ကြောင်း ကျွန်ုပ်တို့ဘဝအသက်တာ၌ အပြစ်များအ ကြောင်း ကျွန်ုပ်တို့အတွက် ဘုရားသခင်ထဲမှ နာခံခြင်း၊ အပြစ်လွှတ်ခြင်း၊ ကယ်တင်ခြင်း၊ ထာဝရအသက်ပေးခြင်း စသဖြင့် တွေ့မြင်လာမည်ဖြစ်သည်။

ဝိညာဉ်ပိုင်းဆိုင်ရာ (၄)– ဆုတောင်းခြင်း

(လုကာ၊ ၁၈း၁)၌ လူတို့သည် အားမလျှော့ဘဲ ကြိုးစား၍ ဆုတောင်းရမည်အကြောင်း ဘုရားသခင်ပြောထားသည်။ ထို့ကြောင့် မည်သို့ ဆုတောင်းရမည်နည်း။ ဘုရားသခင်နှင့် သီးသန့်အချိန်ယူဖို့ရန် အရေးကြီးသည်။

၁။ ကျမ်းစာဖတ်ခြင်း

၂။ ချီးမွမ်းခြင်း

၃။ ဂုဏ်ကျေးဇူးတော်ကိုဖော်ပြချီးမွမ်းခြင်း

၄။ သူတစ်ပါးအတွက် ဆုတောင်းခြင်း

၅။ တောင်းလျှောက်ခြင်း (ကျွန်ုပ်တို့၏လိုအပ်ချက်များ)

၆။ ဝန်ချတောင်းပန်ခြင်း (၁ယော၊ ၁း၉)

ဝိညာဉ်ပိုင်းဆိုင်ရာ (၅)– ဧဝံဂေလိအသင်းတော်တစ်ပါးအသင်းသားဖြစ်ခြင်း

အသင်းတော်သည် ခရစ်တော်၏ကိုယ်ဖြစ်ကြောင်း ကျမ်းစာ၌ ဖော်ပြထားသည်။ ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်းဖြစ်သည်။ (ဧဖက်၊၁း၂၂)တွင် ခြေဖဝါးတော်အောက်သို့ အလုံးစုံတို့ကိုချထားသဖြင့် အလင်းတော်တို့အဖို့အလို့ငှါ သူ့ကို အလုံးစုံတို့၏ အချုပ်အခြာ ဦးခေါင်းဖြစ်စေတော်မူ၏။ ပေတရု၏ အဓိပ္ပါယ်မှာ ကျောက်တုံးဖြစ်သည်။ ခရစ်တော်ကိုလည်း

ကျောက်တုံးကဲ့သို့ ရည်ညွှန်းဖော်ပြထားပါသည်။ (၁ကော၊ ၃:၁၁)တွင်လည်း အကြောင်းမူကား ယေရှုခရစ်တည်းဟူသော ချလျက်ရှိသော တိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။

အသင်းတော်တစ်ပါးဟူသည် အရည်အချင်း ရည်ရွယ်ချက်ရှိသည်အတိုင်း ယုံကြည်သူတို့စုဝေးရာနေရာဖြစ်ကြောင်း သိရသည်။

၁။ ဝတ်ပြုကိုးကွယ်ခြင်း – ပွဲတော်မင်္ဂလာနှင့်ဗတ္တိဇံ
၂။ ဧဝံဂေလိလုပ်ဆောင်ခြင်း
၃။ တပည့်တော်ဖြစ်စေခြင်း
၄။ လူတို့ လိုအပ်ချက်ကိုဖြည့်ဆည်းပေးခြင်း
၅။ မိတ်သဟာယဖွဲ့ခြင်း

(ဘာကြောင့် ဧဝံဂေလိလုပ်ဆောင်သောအသင်းတော်မှာ အသင်းသားဖြစ်ဖို့လိုအပ်သနည်း။)

၁။ ခရစ်တော်၌တော်စပ်သော ညီအစ်ကိုများနှင့်အတူ ဘုရားသခင်ကိုချီးမွမ်းရန်။
၂။ နှုတ်ကပတ်တော်ကို အတူတကွ လေ့လာဆင်ခြင်းသုံးသပ်ရန်။
၃။ စစ်မှန်သောယုံကြည်သူတို့နှင့်အတူ မိတ်သဟာရဖွဲ့ရန် (အသင်းတော်သည် ဝိညာဉ်ရေးမိသားစုဖြစ်သည်။)
၄။ အချင်းချင်း အစေခံခြင်း
၅။ ခရစ်တော်ကို မရသေးသောသူများအား ဧဝံဂေလိဝေငှခြင်း။

ဝိညာဉ်ပိုင်းဆိုင်ရာ (၆)– သက်သေခံခြင်း

(မဿဲ၊၂၈:၁၉) သင်တို့သည် သွား၍ လူမျိုးတကာတို့အား ငါ့တပည့်ဖြစ်စေလော့။ ဟု မိန့်တော်မူခဲ့သည်။ ဆိုလိုသည်မှာ ခရစ်တော်နောက်လိုက်သောယုံကြည်သူတိုင်းသည် လူအပေါင်းတို့အား သက်သေခံရမည်ဖြစ်သည်။ ၎င်းသက်သေခံခြင်း သည် မိမိ၏မိသားစုမှအစပြုရမည်ဖြစ်သည်။ ပါဝင်ရမည့်အချက်မှာ ခရစ်တော်ကို လက်မခံမီက အခြေအနေတည်ကဲ့သို့ရှိကြောင်း ဘဝအသက်တာမှာ ခရစ်တော်ကိုလိုအပ်ကြောင်း ခရစ်တော်ကို လက်ခံခဲ့သောအချိန်တွင် မည်ကဲ့သို့ လက်ခံခဲ့ ကြောင်း ယခုအခြေအနေအရ ခရစ်တော်ကိုလက်ခံပြီး ခရစ်တော်၌ရှိနေသော မိမိဘဝမည်ကဲ့သို့ ထူးခြားပြောင်းလဲ မှုရှိကြောင်း စသည်အချက်များကို သက်သေခိုင်မာစွာဖြင့် ရှင်းပြသက်သေခံရန်ဖြစ်သည်။ ပြီးလျှင် နားထောင်နေသူအား ထာဝရအသက်ကိုလိုအပ်(လိုချင်)ပါသလား။ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်လက်ခံလိုအပ်ပါသလား။ သူတို့သည် လက်ခံလိုပါသည်ဟု ဖြေလျှင် ဆက်၍ဖော်ပြပါအချက်များကို ရှင်းပြရန်ဖြစ်သည်။

၁။ ၁ယော၊၅:၁၃– သင်သည် ထာဝရအသက်စိတ်ချမှုရနိုင်သည်။
ယော၊၁၇:၃ – ခရစ်တော်ကို စိတ်နှလုံးအကြွင်းမဲ့သိကျွမ်းလျှင် ထာဝရအသက်ရပြီးဖြစ်ကြောင်း၊
ယော၊၁၀:၁၀ – ထာဝရအသက်၏အကျိုးမှာ ယခုပင်ငြိမ်သက်ခြင်းရရှိသည်။
ယော၊၁၄:၁–၃– သေလွန်သွားပြီးလျှင် ကောင်းကင်ဘုံသို့ ကေန်အမှန်ရောက်မည်။

၂။ ရောမ၊၃:၂၃ – လူ၏အကြီးဆုံးပြဿနာမှာ အပြစ်ဖြစ်ကြောင်း
– ကျွန်ုပ်တို့ အားလုံး အပြစ်သားများ ဖြစ်ကြောင်း
– အပြစ်ကြောင့် ဘုရားနှင့် အဆက်ပြတ်ကြရကြောင်း

၃။ ရောမ၊၆:၂၃ – ထို့ကြောင့် အပြစ်တရား၏အခသည်သေခြင်းသာဖြစ်ကြောင်း သေခြင်းဟူသည် ဘုရားနှင့်အဆက်အသွယ်ပြတ်သွားခြင်းဖြစ်သည်။ ယခုဘဝတွင် ဘုရားမရှိသောကြောင့် ငြိမ်သက်ခြင်း၏ဝမ်းမြောက်ခြင်း ကင်းမဲ့နေရသည်။ လူ့ဘဝမှာ စိုးရိမ်ကြောက်ရွံ့ခြင်းအရာရာမှာ ချို့တဲ့လိုအပ်နေပေမည်။ သေခြင်းသည် ကောင်းကင်ဘုံနှင့်၎င်း၊ ဘုရားသခင်နှင့်၎င်း၊ ထာဝရကင်းကွာပြီး အဆက်ပြတ်သွားခြင်းဖြစ်သည်။

၄။ ရောမ၊၅:၈ – ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်အတွက် အသေခံသည်။ အပြစ်ကြွေးကိုဆပ်ပေးရန် လောကသို့ ကြွလာ၍ ကျွန်ုပ်တို့ကိုယ်စား အသေခံသည်။

၅။ ရောမ၊၈:၉–၁၀– ခရစ်တော်ကို လက်ခံဖို့ရန် ကိုယ်တော်ကို
ရောမ၊၁၀:၉–၁၀ ကယ်တင်ရှင်နှင့်အရှင်သခင်ဖြစ်ကြောင်း ယုံကြည်ရမည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ဘဝကို ခရစ်တော်အား အုပ်စိုးခွင့်ပြုခြင်းသည် ခရစ်တော်အားကိုးစားအားထားခြင်းဖြစ်သည်။ အရာအားလုံးထက် ခရစ်တော်ကို ပို၍ ကိုးစားအားထားခြင်းဖြစ်သည်။

၆။ ရောမ၊၁၀:၁၃– ခရစ်တော်ထံ မိမိတို့ဘဝကို ဆက်ကပ်အပ်နှံလိုပါသလား၊ ဟု မေးရန် ၎င်းတို့က ဆက်ကပ်အပ်နှံလိုပါလျှင် ယခုပင်ဆုတောင်းနိုင်ကြောင်းပြောရန်။
– ထာဝရဘုရားကို ပဌနာပြုသော သူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလတ္တံ့။

ဆရာသန်းဇော်

*"ကျမ်းစာထဲတွင်ရှိသောကတိတော်များကို ကတိတော်ဟု ကျွန်ုပ်တို့သတ်မှတ်ကြသော်လည်း အမှန်မှာ ကတိတော်များ မဟုတ်ပါ။ ဥပဒေသများသာ ဖြစ်သည်။ ကမ္ဘာဆုံးသည့်တိုင် မပြောင်းလဲသော ဥပဒေသများသာ ဖြစ်သည်"*

# သာသနာကွင်းမှ သက်သေခံချက်များ

## ဆရာဘရန်မိုင် (မန္တလေးတိုင်း)

မေလတွင် (၃) ရက်အစာရှောင်ဆုတောင်းဆက်ကပ်လျက် ဝေစာဝေခဲ့ပါသည်။ စဉ့်ကိုင်မြို့နယ်၊ ပုလိပ်ကျေးရွာသို့ ဝေစာဝေခဲ့ပါသည်။ ကျောက်ဆည်မြို့မှ မိနစ်(၄၀)ခန့် မော်တော်ဆိုင်ကယ်မောင်းနှင်ရပါသည်။ ရာသီဥတု၏ ပူပြင်းတဲ့ဒဏ်၊ နိုင်ငံရေး၏မတည်ငြိမ်မှုများကြားမှာ ဝေစာဝေနေရပါသည်။

ဘုရားသခင်ကျေးဇူးကြောင့် ယနေ့ထိတိုင်ဘေးကင်းလုံခြုံစွာဖြင့် အမှုတော်မှာပါဝင်နေရပါသည်။ ပုလိပ်မြို့တွင် ဝေစာဝေရင်း "ကိုမိုးကျော်" သည် "လူကိုချစ်သောဘုရား"ကို စိတ်ဝင်စား၍ လာရောက်မိတ်ဖွဲ့ပါသည်။ သူသည် HIV ဝေဒနာခံစားနေရသူတစ်ဦးဖြစ်ကြောင်း ပြောပြပါသည်။ ဘုရားသခင်တတ်နိုင်ကြောင်း ပျောက်ကင်းပေးနိုင်ကြောင်း ဝေငှပြီး ဆုတောင်းပေးခဲ့ပါသည်။ ယေရှုခရစ်တော်သည် လူသားအားလုံး၏ ဘုရားဖြစ်ကြောင်း အားလုံးတာဝန်ယူကြောင်းကို ဝေငှခဲ့ရာ ယုံကြည်လက်ခံခဲ့ပါသည်။ သူသည် လူပျိုတစ်ဦးဖြစ်ပါသည်။ မိဘ(၂)ပါးကတော့ ကုန်စုံဆိုင်ဖွင့်ပါသည်။ သူကမြို့ပေါ်တက်ပြီး လက်သမားအလုပ်လုပ်ကိုင်နေပါသည်။ သူတောင်းပေးရင်းမျက်ရည်ကြလျှက် ဝမ်းမြောက်မှုများကိုတွေ့ရှိရပါသည်။ ခရစ်တော်ကို ခေါ်ဖိတ်လက်ခံခဲ့ပါသည်။

ဝေစာဝေရာတွင် လမ်းခရီးတစ်လျှောက်စစ်ဆေးရေးဂိတ်များတွင် ဆေးလက်မှတ်ပြ၊ ဆိုင်ကယ်ကိုဆင်းတွန်းရပါသည်။ မေလတွင် အထူးအစီအစဉ်ဖြင့် ဝေစာဝေနိုင်ရခြင်းသည် ဆုတောင်းခြင်းကြောင့်ဖြစ်ပါသည်။ နောက်တန်းမှ နေ့စဉ်မပျက်ဆုတောင်းပေးကြသော အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့မှ အမှုတော်ဆောင်များကို ကျေးဇူးတင်ပါသည်။

• ▬ ▬ ▬ ▬ ▬ ▬ ▬ •

## နန့်ဖောင်ခလိန်

ရှေးဦးစွာ ဘုရားသခင်ကျေးဇူးတော်ချီးမွမ်းပါတယ်။ ကျွန်မအမည်ကတော့ "နန့်ဖောင်ခလိန်" ဖြစ်ပြီး အမျိုးသားအမည်ကတော့ "စောစေးကပေါ်" ဘဲဖြစ်ပါတယ်။ ကျွန်မသမီးအမည်ကတော့ "ဆောင်းသံစဉ်အေး" လို့ခေါ်ပါတယ်။ ကျွန်မကတော့ ပိုးကရင်လူမျိုးဖြစ်ပါတယ်။ ကျွန်မတို့က ရာသီအလိုက်ခြံထဲမှာ စိုက်ပျိုးရေးကိုလုပ် ပါတယ်။ ကျွန်မတို့ကတော့ ခရစ်ယာန်ဖြစ်ပါတယ်။ ကျွန်မတို့ကတော့ ကြာဂရက်အုပ်စု၊ ကျီးအိုင်ရွာမှာနေပါတယ်။ ကျွန်မသက်သေခံချက်တာကတော့ ကျွန်မသမီးလေးကို စတင်၍ ကိုယ်ဝန်လွယ်ပြီး မွေးဖွားခါနီးတွင် ဆရာဝန်များ၏သွေးစစ်ချက်အရ ကျွန်မမှာ (C/B ပိုး) တွေ့ခဲ့ပါသည်။ ကျွန်မအရမ်းနဲ့ စိုးရိမ်တုန်လှုပ်ခဲ့ပါတယ်။ ပထမဦးဆုံး ကိုယ်ဝန်ဖြစ်သည့်အတွက် မွေးဖွားရလည်းခက်ခဲပါတယ်။ သမီးလေးကို ကျွန်မခွဲမွေးခဲ့ပါတယ်။ ယခုမှဉ် ကျွန်မကလေးတစ်လခွဲရှိခဲ့ပါပြီ။ ကျွန်မတို့ရွာလေးကို ဆရာဦးသန်းဇော်နဲ့ ဆရာမဂျမိုင်း ရောက်လာပြီး ကျွန်မအမ နန့်ဖောင်စိန်နှင့် ကလေးများအပါအဝင် ဓမ္မစာပေများ ဝေမျှရာတွင် ကျွန်မတို့နေအိမ်သို့ရောက်ရှိခဲ့ပါ တယ်။ ကျွန်မတို့မိသားစုမှ နံနက်စာကျွေးမွေး၊ မိတ်သဟာရဖွဲ့ခဲ့ရသည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ယခု ကျွန်မကလေး တစ်လခွဲပြည့်သည့်အတွက် ဆရာဝန်မှ ရက်ချိန်းပြန်ပြရန်ဖြစ်သည့်အတွက် ဆရာတို့၏ ဆုတောင်းခြင်းဖြင့်၎င်း၊ နှုတ်ကပတ်တော်၏တန်ခိုးတော်ကြောင့်လည်းကောင်း ကျွန်မနှင့်ကလေးငယ်လေးတွင် အနာရောဂါတန်ခိုးတော်ကြောင့်လည်းကောင်း ကျွန်မနှင့် ကလေးငယ်လေးတွင် အနာရောဂါပိုးများလုံးဝပျောက်ပြီးဖြစ်ကြောင်းကို၎င်း ယေရှုခရစ်၏ဒဏ်ချက်တော်ဖြင့် လုံးဝကျန်းမာပြီးဖြစ်ကြောင်း ကျွန်မ ချီးမွမ်းသက်သေခံခြင်းဖြစ်ပါသည်။

• ▬ ▬ ▬ ▬ ▬ ▬ ▬ •

## ဆရာမဖဲလာဖော (ကယားပြည်နယ်)

ဘုရားရှင်၏လမ်းပြပို့ဆောင်ပေးခြင်းကြောင့် ဒီ ၂၀၂၂ ၁ လပိုင်းထဲမှ စစ်ဘေးရှောင်နေသော သူတွေရော၊ တချို့သောရွာတွေမှာလည်း ဝေစာပေးခြင်း၊ ဧဝံဂေလိပြောကြားပေးခြင်း၊ တိုက်တွန်းအားပေးခြင်း နာမကျန်းသောသူတွေဆုတောင်းပေးခြင်းဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ကျွန်မတို့ ဝေစာဝေနေရင်းနဲ့ စစ်ဘေးရှောင်နေရသော "ဒေါ်မူနော တို့ရဲ့မိသားစုတွေကို စတင်သိရှိပြီး ဝေစာနှင့်အတူ ခရစ် တော်အကြောင်း စတင်မိတ်ဆက်ပေးခဲ့ပါတယ်။ သခင်ယေရှုအ ကြောင်းမကြားမှီ၊ သူတို့မိသားစုတွေဟာ တံခွန်တိုင်နတ်စားဘာသာ ကို ကိုးကွယ်ခဲ့တဲ့မိသားစုတွေဖြစ်တယ်။ သူတို့မိသားစုက (၄)ယောက်ပဲရှိတယ်၊ သူတို့ မိသားစုဟာ၊ ဆင်းရဲတယ်၊ စားဝတ်နေရေး အတွက်လည်းခက်ခဲတယ်။ သူ့ရဲ့ အဖေလည်း ကျန်းမာရေးမကောင်း၊ ဝင်ငွေမရှိတော့၊ ဆေးရုံဆေးခန်းသွားရောက်ကုသဖို့လည်း ကုသမှုစရိတ်လည်းမရှိမှုတွေနဲ့ အခက်အခဲကြုံနေရတယ်၊ အရင်တုန်းက ယေရှုအကြောင်း သူများလာပြောရင် မောင်းထုတ်ပြီး ခြိမ်းခြောက်ခဲ့တယ်။ အရမ်းကို ခေါင်းခဲ့တဲ့သူတစ်ယောက်ဖြစ်တယ်၊ ယေရှုအကြောင်းလက်မခံဘူး၊ မယုံကြည်ဘူးဆိုခဲ့တဲ့သူဖြစ်တယ်။ ငါတို့ရဲ့ ပြဿနာတွေကို ဘယ်သူမှ ဘယ်ဘုရားမှလာပြီး မကူညီနိုင်ဘူးလို့ဆိုခဲ့တဲ့သူလည်းဖြစ်တယ်။ အဲ့လိုပြောရင်းနဲ့ သူတို့မိသားစုတွေဟာ ပိုပြီး ဒုက္ခရောက်ခဲ့တယ်။ အိမ်တွေလည်း မီးလောင်ကုန်တော့ နေစရာ လည်းမရှိတော့ ပိုပြီး ခက်ခဲလာတဲ့ အခက်အခဲတွေနဲ့ ကြုံနေရတဲ့ မိသားစုတွေဖြစ်တယ်။ အဲဒီအချိန်မှာပဲ သူတို့ကို စာငှက်တောင်မှ ဘုရား အငတ်မထားဘူးဆိုတြွ ကျမ်းပိုဒ်ဖြင့် သူတို့မိသားစုတွေ့ကို ခွန်အားပေးခဲ့တယ်။ ဆုတောင်းပေးခဲ့တယ်။ ကုန်းနှစ်ကုန်းရုပ်ပုံအားဖြင့်လည်း ဟောပြောပေးခဲ့တယ်။ အခု သူတို့မိသားစုဟာ ခရစ်တော်သည် သူတို့ကို ကယ်တင်ပေးနိုင်တဲ့အကြောင်းကို စတင်သိရှိလာပြီး၊ သူတို့တွေဟာ ခရစ်တော်အကြောင်း စတင်မြည်းစမ်းလာတယ်၊ နောက်ထပ် နှုတ်ကပတ်တော်ကို လာရောက်ပြီး ခွန်အားပေးဖို့ တောင်းဆိုလာတာတွေ့ကြုံရတယ်။ သူတို့ရဲ့မိသားစုတွေရဲ့ ဝိညာဉ်ရေးခိုင်ခံ့ခြင်း၊ ကြီးထွားခြင်း၊ နှစ်ခြင်းခံလာတဲ့အထိရောက်လာဖို့ သူတို့ရဲ့ အသက်တာအတွက် ဆက်လက်ဆုတောင်းပေးကြပါလို့ သက်သေခံရင်းနဲ့ နိဂုံးချုပ်တယ်။

# ဆုတောင်းသော အသက်တာ၏အခြေခံအချက်များ

ဆုတောင်းခြင်းသည် ကျွန်ုပ်တို့အသက်တာသို့ တန်ခိုးကို ယူဆောင်လာသည် တန်ခိုးဖြစ်၏။ မည်သည့်ခရစ်ယာန်မှ သူ၏ဆုတောင်းခြင်းအသက်တာထက် ဝိညာဉ်ရေးရာပိုမကြီးမြင့်ပါ။ ဤအချက်မှန်လျှင်ငင်း၊ ကျွန်ုပ်တို့ကလည်းမှန်သည်ဟု ယူဆလျှင်ငင်း၊ ခရစ်ယာန်တစ်ဦး၏ဆုတောင်းခြင်းအသက်တာသည် သူ့အသက်တာ၌အရေးအကြီးဆုံးအခန်းကဏ္ဍမှ ပါရမည်ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့၏သည် လက်တွေ့ဆုတောင်းခြင်းအသက်တာမှ အခြေခံအကြောင်းအချက်များကို တင်ပြဆွေးနွေးပါမည်။

<u>၁။ ဆုတောင်းခြင်းအသက်တာ လိုအပ်ကြောင်း ကျွန်ုပ်တို့သိနားရပါမည်။</u>

စိတ်ကူးရိုးရိုးလေးဖြင့် အစပြုပါမည်။ ခရစ်ယာန်အ များစုမှာ နေ့စဉ်မှန်မှန်ဆုတောင်းဖို့ အချိန်ပေးရန် လိုအပ်ကြောင်းကိုမသိကြပါ။ ဆုတောင်းခြင်းသည် ယုံကြည်သူများအတွက်အရေးကြီးသောလုပ်ငန်းရပ်ဖြစ်သည်ဟု ပြောပြလိုသည်။ စပါဂျင်က အောက်ပါအတိုင်းဟောပြောခဲ့သည်။ "လူသာမန်တို့က ဆုတောင်းခြင်းသည် အလွန်လွယ်ကူသောအလုပ်၊ မည်သည့်နည်းနှင့်မဆို လုပ်၍ရသည့်အလုပ်၊ သတိမူရန်မလို၊ အားစိုက်ရန်မလို"ဟု ထင်မြင်ယူဆကြသည်။ အချို့မှာမူ "သင်စာအုပ်တစ်အုပ်ကို ဆွဲ၍ ယင်းစာအုပ်ထဲမှစကားလုံးများကို ကောက်နုတ်အသုံးပြုလျက် သင်ဆုတောင်းပြီးမှ ထိုစာအုပ်ကိုသူ့နေရာသို့ပြန်ထားပါ"ဟု ပြောပါသည်။

ကျွန်ုပ်တို့အခြေခံမေးခွန်းနှင့်အစပြုကြပါစို့။ "ကျွန်ုပ်၌ ဆုတောင်းခြင်းအသက်တာတကယ်ရှိပါသလား" အဖြေက "တစ်ခါတစ်ရံပေါ့" "သိပ်မကျိန်းသေးပါ" "မရှိပါ" ဟု ဖြေလျှင် မိမိအသက်တာ၌ ဆုတောင်းခြင်းအရေးကြီးကြောင်းကို သဘောမပေါက်သေးဟု ရိုးရိုးပင်ဝန်ခံရပေမည်။

<u>၂။ ဘုရားသခင်က ဆုတောင်းခြင်းကို အဖြေပေးလေ့ရှိသည်ဟူသော အရာအားလုံးနှင့် အကျုံးဝင်သည့်အချက်ကို ကျွန်ုပ်တို့ သိမှတ်ထားရမည်။</u>

ဘုရားသခင်သည် ဆုတောင်းခြင်းကို အဖြေမပေးပါဟု သံသယဖြစ်တတ်သူသည် ဆုတောင်းရန်အချိန်အနည်းငယ်သာပေးလေ့ရှိသည်။ စပါဂျင်က "ဆုတောင်းခြင်းအား ဘုရားသခင်ကအဖြေမပေးပါဟူသောစကားကို ကြားလျှင် ထိုထိတ်လန့်ဖွယ်အမင်္ဂလာစကားကို သင့်အတွေးထဲတစ်မိနစ်လေးတောင်မှ အရောက်မခံပါနှင့်၊ ယေရှု၏မိန့်မှာချက်မှာ "တောင်းလျှင်ပေးမည်"ဟု ကျမ်းစာတွင် ဖော်ပြထားပါသည်။"

အချို့မှာ မိမိတို့ဆုတောင်း၍ အဖြေရလာသည်ကို တိုက်ဆိုင်မှုသက်သက်ဖြစ်သည်ဟု ပြောသောကြောင့် ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ သာသနာပိုင်ချုပ်(တင်းပယ်)

---

# ချီးမွမ်းခြင်းများ နှင့် ဆုတောင်းချက်များ

**ချီးမွမ်းခြင်း**

- April – May ၂လတာ Easter Project အထူး ဝေစာဝေခြင်း အောင်မြင်စွာလုပ်ဆောင်နိုင်သောကြောင့် ကျေးဇူးတော်ချီးမွမ်းပါသည်။
- တိုင်းနှင့်ပြည်နယ်အသီးသီးမှ အမှုတော်ဆောင်များ ဝေစာဝေခြင်း ဧဝံဂေလိဟောပြောခြင်းများ အခက်အခဲမရှိ လုပ်ဆောင်ခွင့်ရသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါသည်။
- ယုံကြည်သူလူသစ်များ ဗတ္တိဇံမင်္ဂလာခံယူလာခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းပါသည်။
- Online အားဖြင့် သက်သေခံသောအခါ စိတ်ဝင်စားသူများစွာရှိလာခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းပါသည်။

**ဆုတောင်းချက်**

- July လ ၁ ရက်နေ့မှ ၂ ရက်နေ့ အထိ Every Home for Christ မှ Volunteer လူငယ်များအား သင်တန်းပေးမည့်အတွက် ဆုတောင်းပေးပါရန်။
- အမှုတော်ဆောင်များ ကျန်းမာစွာဖြင့် ဆက်လက်အစေခံနိုင်ရန်။
- မြန်မာပြည်တည်ငြိမ်အေးချမ်းလာပြီး ဘုရားသခင်အုပ်စိုးသောနိုင်ငံဖြစ်လာရန်။
- ခက်ခဲနေသောသူများ၊ စစ်ဘေးရှောင်များအတွက် ဘုရားရှင်ကောင်းကြီးပေးရန်။

က ထိုစကားကို ကောင်းကောင်းပြန်ချေပထားသည်။ "ကျွန်ုပ်ဆုတောင်းသောအခါ တိုက်ဆိုင်မှုများဖြစ်ပေါ်လာသည် ဆုမတောင်းသည့်အခါမကြုံရပါ"ဟု ပြန်ပြောသည်။

ဤအတွေးအခေါ်နှင့်ပတ်သက်ပြီး ခရစ်ယာန်များသင် ယူရမည့်အခြားအရေးပါသည့်သစ္စာတရားတစ်ရပ်မှာ ဆုတောင်းခြင်းမှ အဖြေရခြင်းသည် ဘုရားသခင်၏ပညတ်တော်ဥပဒေသပါ၏။ (ဂျွန်းဘီဇာရို)၏ "အကောင်းမြင်ဝါဒဆု တောင်းခြင်း၏တန်ခိုး" ဟူသောစာအုပ်တွင် ကျမ်းစာနှင့်ကိုက် သော ဤဥပဒေအကြောင်းကို ရှင်းပြထားသည်။ သိပ္ပံသဘောတရားအရ အပူချိန်စင်တီဂရိတ် ၃၂ ဒီဂရီသို့ကျသွားလျှင် ရေမှရေခဲဖြစ်သွားပေမည်။ ဒါက သိပ္ပံဆိုင်ရာသဘာဝကိစ္စဖြစ်သည်။ သိပ္ပံပညာရှင်များအနေနှင့် "ကျွန်ုပ်တို့အကြံတစ်ခုပြုကြစို့၊ အပူချိန်ကို ၃၂ ဒီဂရီသို့ချလိုက်ပါ၊ ရေဟာရေခဲဖြစ်သွားရစေမယ်လို့ မင်းကိုငါကတိပေးပါတယ်"ဟူ၍ပြောမည်မဟုတ်။ ဤအချက်သည် တစ်ဦးနှင့်တစ်ဦးအပေးအယူလုပ်ဖို့လည်းမဟုတ်၊ ကတိထားဖို့လည်းမဟုတ်၊ ဒါကဥပဒေသဖြစ်သည်ဟု(ဘီဇာရို)ကပြောပါသည်။ ထိုနည်းတူကျွန်ုပ်တို့ဆုတောင်းလျှင်လည်း ထိုကဲ့သို့ ဖြစ်လာပါသည်။ (ဘီဇာရို)ကပင် "ကျမ်းစာထဲတွင်ရှိသောကတိတော်များကို ကတိတော်ဟုကျွန်ုပ်တို့သတ်မှတ်ကြသော်လည်း အမှန်မှာ ကတိတော်များမဟုတ်ပါ။ ဥပဒေသများသာ ဖြစ်သည်။ ကမ္ဘာဆုံးသည့်တိုင်မပြောင်းလဲသော ဥပဒေသများသာဖြစ်သည်"ဟု အဆုံးသတ်ပြောကြားခဲ့ပါသည်။



<u>၃။ ဆုတောင်းခြင်းနှင့် သက်ဆိုင်သောသီဩလော်ဂျီသဘောတရားကို ကျွန်ုပ်တို့သိနားလည်ရမည်။</u>

ဆုတောင်းခြင်းနှင့်ဆိုင်သောတရားသဘောကို သိနားလည်ရန် ကြိုးစားရမည်ဟု အကြံပေးလိုသည်။ ဆုတောင်းသူရဲကောင်းသည် ဆုတောင်းဖို့အတွက် သီဩလော်ဂျီပညာကိုလေ့ကျင့်သိကျွမ်းသူဖြစ်လာရန် မလိုလှပါ။ အခြားတစ်ဖက်၌ သူ၏ဆုတောင်းအသက်တာကိုပိုမို ထိရောက်စေမည့် အခြေခံသဘောကိုတော့ သိနားလည်ရန်လိုပေသည်။ ဥပမာအားဖြင့် ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကို သုံးပါးတစ်ဆူဘုရား



ထံသို့ ထူးခြားစွာမိတ်သဟာယဖွဲ့ရန် ဆောင်ယူသွားခြင်းဖြစ်ကြောင်း သဘောပေါက်ရန် အရေးကြီးသည်။ ဆရာကြီးတစ်ဦး က "သင်သည် ယေရှု၏နာမနှင့် ဆုတောင်းသည်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တောင်းသည်"ဟု ပြောခဲ့ပါသည်။

ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအကြောင်းကို နားလည်ရန်အတွက် ဘုရားသခင်၏သဘာဝကိုသိရှိနားလည်ရန်လိုအပ်သည်။ မိခင်တစ်ဦးက ရယ်မောဖွယ်အကြောင်းကလေးတစ်ရပ်ကိုတင်ပြဝေငှသွားသည်။ သူမ၏သားငယ်ကလေးတစ်ဦးသည် ရုပ်ပုံတစ်ပုံကိုစိတ်ရှည်စွာ ရေးဆွဲနေသဖြင့် 'ဘာပုံလဲ' ဟု သူမကမေးရာ သားငယ်က "အို ဒီပုံက ဘုရားသခင်ရဲ့ပုံဖြစ်တယ်"ဟု ဖြေလိုက်သည်။ သူ့မိခင်က "ဘုရားသခင်ကို မည်သူမျှမတွေ့ဘူး၍ ထိုပုံမှန်မှန် ဘယ်သူမျှမသိနိုင်ပါ"ဟု ပြောသောအခါ သူ့သားက "ကျွန်တော်ဤပုံကိုအပြီးရေးဆွဲပြီးလျှင် သူတို့သိလာမည်"ဟု ရုတ်တရက် ပြန်ဖြေလိုက်ပါသည်။

ဘုရားသခင်ကိုသိရှိနားလည်ခြင်းနှင့် ပတ်သက်ပြီး ဤကလေးကဲ့သို့ ရဲရင့်သော သဘောထားမျိုးကို ခရစ်ယာန်အနည်းငယ်၌သာတွေ့ရပါသည်။ ဘုရားသခင်၏သဘာဝကို ဆုတောင်းခြင်းအားဖြင့်သာ သိသာနိုင်သည်။ ဥပမာပြောရလျှင် အချို့သောသူများ၊ ဆုတောင်းရာ၌အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ အကြောင်းမှာ သူတို့၏စိတ်ထဲတွင် ဆုတောင်းခြင်းက အကျိုးမရှိပါဟူသည့် သဘောထားရှိနေခြင်းကြောင့် ဖြစ်ပါ၏။ အကန့်အသတ်ဘောင်ထဲတွင်ရှိနေသောလူက အနန္တတန်ခိုးရှင်ဘုရားသခင်ကို စကြာဝဠာတွင်း၌ ကျွန်ုပ်ကိုဒါလုပ်ပေးရမည်ဟူ၍ သွားပြော၍ မဖြစ်နိုင်ပါဟူ၍ သူတို့ကဆင်ခြေပေးကြသည်။ (ရက်ဖ်ဟားရင်း)က "ဆုတောင်းခြင်းသည် ဘုရားသခင်အနေနှင့် အပြောနှင့်အလုပ် မကိုက်ညီသူမဟုတ်ကြောင်း ပြနိုင်ဖို့စိတ်နှလုံးတော်ကို ပြောင်းလဲပေးကာလူ့အလိုဆန္ဒကို လိုက်လျောခြင်းဖြစ်သည်။" လူ့ဘက်မှခက်ခဲပြီး ဒုက္ခရောက်နေသည့် အခြေအနေမျိုးတွင် စီမံဆောင်ရွက်ပေးလိုသော ဆန္ဒရှိသည်။ ဒါကကိုယ်တော်နှစ်သက်သောနည်းလမ်းဖြစ်၏။ အချုပ်အခြာပိုင်တော်မူသောဘုရားသာလျှင် ဆုတောင်းခြင်းကို ဝိညာဉ်တော်သွန်းလောင်းပေး၍ တန်ခိုးကြီးသောဘုရားသခင်သာလျှင် ထိုဆုတောင်းချက်ကို ပြည့်စေနိုင်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်အပေါ်ထားသော လူတစ်

ဦး ၏ခံယူချက်သဘောထားက သူ၏ဆုတောင်းခြင်းအသက်တာ အတိမ်အနက်ကို အဆုံးအဖြတ်ပေးသည်။ စစ်မှန်သော ဆုတောင်းခြင်းသည် ဘုရားသခင်၏အုပ်စိုးမှုခံယူခြင်းနှင့်စပြီး အုပ်စိုးမှုခံယူလျက်နှင့်သာ အဆုံးသတ်သွားပါသည်။

ဆုတောင်းခြင်းသီဩလော်ဂျီနှင့်ဆိုင်သော အထူးအရေးပါသော အချက်တစ်ချက်မှာ ဘုရားသခင်၏သားတော် ယေရှု၏နေရာနှင့်ပတ်သက်ပါ၏။ ကျမ်းစာ၌ခရစ်တော်ကို ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်ဟု ကြေညာ ထားသည်။ ဤအကြောင်းကို ကျွန်ုပ်တို့မသိလျှင် ဆုတောင်းခြင်းအကြောင်းကိုလည်း သဘောပေါက်နိုင်မည် မဟုတ်ပါ။ ဤကဏ္ဍနောက်ပိုင်းတွင် ယေရှုနာမအကြောင်းကို အသေးစိတ်ပို မိုလေ့လာသွားပါမည်။ ဆုတောင်းခြင်းနှင့်ဆိုင်သော အခြေခံ သဘောတရားအကြောင်း နားလည်ရန် ကျွန်ုပ်တို့၏ဆုတောင်း သည့် အခန်းကျဉ်းလေးထဲတွင် သီဩလော်ဂျီသဘောတရား အချက်အလက်ပေါင်းများစွာတို့အား နံရံတွင်ကပ်ထားရန်မလို ပါ။ ကျွန်ုပ်၏ ဆုတောင်းခြင်းအသက်တာတိုးတက်လာသည် နှင့်အမျှ ဤအချက်များသည် ကျွန်ုပ်တို့ဆုတောင်းခြင်းထဲသို့ အလိုအလျောက်ပါဝင်ရောက်ရှိလာပါလိမ့်မည်။ (ဆာ–အာသာ–အက်ဒင်တန်)က လူတစ်ယောက် တံခါးပေါက်တစ်ခုမှ ဝင်လာသောရိုးစင်းသည့်အပြုအမူတစ်ရပ်ကို တွေးတောဆင် ခြင်လျက် ထိုလှုပ်ရှားမှုဖြစ်ပေါ်လာအောင် ပူးပေါင်းလုပ်ဆောင်ပေးကြသော သိပ္ပံနည်းကျ အကြောင်းခြင်းရာများ၏ အစီအစဉ် အနေအထားကို လေ့လာကြပါသည်။ ပါဝင်နေသောအကြောင်းအရာများကို ဝင်လာမည့်သူမှ ပြည့်စုံစွာ နားမလည်မချင်းတံခါးပေါက်မှမဝင်လာသေးဘဲ စောင့်ဆိုင်းနေရန်မှာ သင့်လျော်ခြင်းမရှိဟု အင်ဒီတန်က ရှင်းပြပါသည်။ ထိုအတိုင်းပင် ဆုတောင်းခြင်းနှင့်ပတ်သက်လျှင်လည်း ထိုနည်းတူဖြစ်ပါ၏။ ဆုတောင်းခြင်း၌ အချိန်ယူလေ၊ ဆုတောင်းခြင်းအကြောင်းကို ပိုမိုနားလည်လေဖြစ်လာပေလိမ့်မည်၊ ပြည့်စုံစွာနားလည်အောင်စောင့်နေစရာမလိုတော့ပေ။

<u>၄။ ဤဆုတောင်းခြင်း ဆုကျေးဇူးကိုအမှုတော်မြတ်၌မည်ကဲ့သို့ အသုံးပြုရမည်ကို ကျွန်ုပ်တို့သင်ယူကြရမည်။</u>

လွန်ခဲ့သည့် ၁၀နှစ်ကျော်က (ရိုဇာလင်းရင်းကား) သည် ဤဆုတောင်းခြင်းအကြောင်းကို ကျမ်းတစ်စောင်ပြုစုခဲ့ပါသည်။ "ဆုတောင်းခြင်းသည် ဘုရားသခင်နှင့် စကားပြောခြင်း" ဟု ခေါင်းစဉ်တပ်ထားသည်။ လူတစ်ယောက်သည် သူအလွန်ချစ်ခင်သော သူတစ်ဦးပြောင်းလဲရန် နှစ်နှင့်ချီပြီး ဆုတောင်းသော်လည်း အဖြေမပေါ်သေးပါ။ ဤကဲ့သို့ ဖြစ်ရခြင်းသည် ဘုရားသခင်က ထိုသူကို ကယ်တင်ခြင်းသို့ မရောက်စေချင်သောကြောင့်မဟုတ်ဘဲ မိမိတို့ဆုတောင်းရာ၌ ယုံကြည်ခြင်းအပြည့်မရှိသောကြောင့်သာဖြစ်သည်ဟုပြောသည်။ လှေကားခြေရင်းမှလှေကားထိပ်သို့ တစ်ချက်တည်းနှင့်ခုန်တက်ဖို့ ကြိုးစားသည့်သဘောမျိုးရောက်နေ၏။ လှေကားထိပ်သို့ရောက်လိုသည့်အကြောင်းကိုသာ ပြောနေသော်လည်း မိမိကိုယ်တိုင်ကခြေရင်းမှာ ရပ်နေတုန်းပင်။ အမှန်မှာ လှေကားခြေရင်းမှအပေါ်ဆုံးသို့ တစ်ချက်တည်းနှင့်ခုန်တက်နိုင်ရန် မလွယ်ပါ။ လှေကားထစ်များလုပ်ထားခြင်းသည် အသုံးပြုရန်အတွက်ဖြစ်ပြီး တစ်ထစ်ချင်းတက်ရန်သာဖြစ်သည်။

အမှန်မှာ ဆုတောင်းခြင်းနှင့်ပတ်သက်၍ သင်ကြားနာယူရမည့်အကြောင်း အချက်များစွာရှိပေသည်။ ထိုလှေကားထစ်များကို တစ်ကြိမ်လျှင် တစ်ထစ်နှုန်းဖြင့် တက်ရောက်ခြင်းဖြင့် လေ့လာသင်ယူရမည်။ ဤကဲ့သို့ဖြစ်မှသာ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းဆုကျေးဇူးကို ထိရောက်စွာသင်ယူပြီး အသုံးချနိုင်မည်ဖြစ်၏။

၅။ ဆုတောင်းခြင်းအလုံးစုံ၏ရည်ရွယ်ချက်အမှန်ကို ကျွန်ုပ်တို့ သိနားလည်ရမည်။

| | |
|---|---|
| ပထမ | ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရမည်။ |
| ဒုတိယ | ဆုတောင်းသူအားဘုရားသခင်နှင့်ပိုမိုနီးကပ်စွာ မိတ်သဟာယဖွဲ့လာစေရမည်။ |
| တတိယ | များစွာသောဝိညာဉ်များအပေါ်သက်ရောက်စေရမည်။ |






ပထမပန်းတိုင်နှင့်ပတ်သက်ပြီး (ဒေါ်နယ်ဒီမာရေ)က "ဆုတောင်းခြင်း၏ရည်ရွယ်ချက်မှာ လွယ်ကူသောအသက်တာကိုပေးရန်မဟုတ်။ ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန်ဖြစ်သည်" စာရေးဆရာက ဤကျမ်းချက်ကို ရွတ်ပြသည်။

(ဆာလံ၊၁၁၅:၁) "အကျွန်ုပ်တို့၌ဘုန်းမရှိစေဘဲ အိုထာဝရဘုရား၊ အကျွန်ုပ်တို့၌ဘုန်းမရှိစေဘဲ ကိုယ်တော်၏နာမ၌ ကရုဏာတော်နှင့် သစ္စာတော်ကြောင့် ဘုန်းရှိပါစေသတည်း"

ဒုတိယ ရည်မှန်းချက်မှာ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းသို့ ဦးတည်ကြောင်းရှင်းလင်းစွာတွေ့ရပါသည်။ ဆုတောင်းခြင်း၌ရည်မှန်းချက်အမျိုးမျိုးရှိသော်လည်း ဘုရားသခင်ဘုန်းတော်ထင်ရှားရေးနှင့် ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ရေးသည် အရေးကြီးဆုံးဖြစ်သည်။ မိတ်သဟာယဖွဲ့ခြင်းနှင့်ပတ်သက်ပြီး မိခင်တစ်ဦးအကြောင်း ပြန်သတိရမိသည်။ သူ့သားသည် ဘုရားသခင်ကို အမိန့်ပေးကဲ့သို့ ဆုတောင်းနေ၍ "သား ဘုရားသခင်ကိုအမိန့်ပေးသကဲ့သို့ မတောင်းပါနှင့်၊ မိမိလုပ်ငန်းတာဝန်အကြောင်းကို အစီရင်ခံသည့်သဘောမျိုးသာ ပြောပါ"ဟု သားကို သတိပေးလိုက်သည်။

(လီအိုနစ်-ရာဗင်ဟေး)က "ကျွန်ုပ်တို့ဆုတောင်းသည့်အချက်များတွင် အများအားဖြင့် ဘုရားသခင်ကိုအကြံပေးသည့်သဘောသက်ရောက်သည်။ ကျွန်ုပ်တို့ ဆုတောင်းချက်များကို ကျွန်ုပ်တို့အတွက်သော်၎င်း၊ ကျွန်ုပ်တို့၏ဂိုဏ်းဂဏများအတွက်သော်၎င်း၊ ထားရှိသောရည်မှန်းချက်များနှင့် ချယ်သထားသည်။ ထိုအတွေးများကို ဖျောက်ဖျက်ပစ်ပါ။ ကျွန်ုပ်တို့၏ပန်းတိုင်သည် ဘုရားသခင်တစ်ပါးတည်းသာဖြစ်ရပါမည်"

တတိယ ပန်းတိုင်မှာ ဧဝံဂေလိလုပ်ခြင်းကိုစောင့်မျှော်နေကြသည့် မြောက်မြားစွာသော လူထုကြီးအတွက် ဗဟိုပြုသည့် ဆုတောင်းချက်ဖြစ်ရပါမည်။ ကျွန်ုပ်တို့၏ သခင်ဘုရားသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ လူသားတိုင်း ဧဝံဂေလိတရားနာကြားခွင့်ရဖို့ ရန်အလိုရှိတော်မူ၏။ ထို့ကြောင့် မဿဲ၊၉:၃၈ ၌ "ထို့ကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည့်အကြောင်း စပါးရှင်ကိုဆုတောင်းကြလော့ဟု တပည့်တော်တို့အားမိန့်တော်မူ၏။"

အခြားကျမ်းချက်တစ်ခုတွင်လည်း ယေရှုကအောက်ပါ အတိုင်းပြောထားသေးသည်။ ယော၊၄:၃၅ "ယခုမှစ၍ လေး လလွန်လျှင် စပါးရိတ်ရာကာလဖြစ်လိမ့်မည်ဟု သင်တို့ဆိုတတ်သည်မဟုတ်လော။ ငါဆိုသည်ကား စပါးရိတ်ခြင်းအလို့ငှါ လယ်ပြင်တို့သည် ယခုပင်ဝင်းဝင်းရှိသည်ကို မျှော်၍ကြည့်ကြလော့"

"လယ်ပြင်ကိုမျှော်ကြည့်ကြလော့" ဟူသည့်စကားသည် အာရုံပြုပြီး ဆုတောင်းရန်ကိုဆိုလိုပါသည်။ "ဝင်းဝင်းရှိသည်" ဟူသည့်စကားသည် အချိန်ဆွဲ၍မရ၊ အရေးကြီးနေပြီ ဟု အဓိပ္ပါယ်သက်ရောက်သည်။ ယေရှုက "စောင့်ကြည့်ပြီးဆုတောင်းပါ" ဟု မကြာခဏ ပြောသည်။ ဤစကားနှစ်လုံးအဓိပ္ပါယ်တူသည်။ သို့ဖြစ်၍ ဆုတောင်းခြင်း၏အရေးကြီးသောရည်မှန်းချက်တစ်ခုကား ဝိညာဉ်များကိုပြန်လည်ရိတ်သိမ်းရန်ဖြစ်ပါတော့သတည်း။

**Dick Eastman**
**(The Change the World School of Prayer)**

# ထံတော်သို့ ဆုတောင်းပဌနာ [၂]

ထံတော်သို့ ဆုတောင်းပဌနာ(၁) အဆက် ....

၂။ စောင့်ဆိုင်းငံ့လင့်ခြင်း – အကြွင်းမဲ့အပ်နှံခြင်း။

ဆုတောင်းခြင်းစသည်နှင့် ဘုရားသခင်၏သန့်ရှင်းသောမျက်မှောက်တော်ကို ဦးစွာတိုးဝင်ကြရမည်။ စောင့်စားခြင်းသည် တစ်နည်းအားဖြင့် ဘုရားသခင်အား ကြည်ညိုလေးစားမှုနှင့် ငြိမ်ဝပ်စွာနေခြင်းအခါသမယလည်း မည်ပေသည်။ ထိုသို့ သခင်ဘုရားကို မြော်လင့်စေခြင်းဖြစ်ကြောင်း ကြိမ်ဖန်များစွာ နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့တွေ့မြင်နိုင်ပေသည်။

သက်သေခံသော နှုတ်ထွက်ကျမ်းစကားများ

က။ "ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား၊ အားပြည့်ကြလိမ့်မည်" (ဟေရှာ၊၄၀:၃၁)။

ခ။ "ထာဝရဘုရားကို ငါစောင့်လျက်...နံနက်ကိုမြော်လင့်သောသူတို့ထက် ငါ့ဝိညာဉ်သည် ဘုရားရှင်ကို မြော်လင့်၏" (ဆာလံ၊ ၁၃၀:၅-၆)။

ဂ။ "ငြိမ်ဝပ်လျက်နေကြလော့။ ငါကား ဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့" (ဆာလံ၊ ၄၆:၁၀)။

မြော်လင့်ခြင်းသည် ဘုရားသခင်အား ဦးထိပ်ပန်ဆင်ခြင်းဖြစ်သောကြောင့် သက်ဝင်ကိုးစားခြင်းနှင့် ကိုးကွယ်မှုတွင် လွန်စွာအထောက်အကူဖြစ်စေသည်။ ပဌနာပြုချိန် ဘုရားသခင် "ငြိမ်သက်ခြင်း" ကိုဆောင်ယူပေးပါသည်။ နှုတ်ကပတ်တော်က "စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခို လှုံသောကြောင့် ငြိမ်သက်ခြင်း သက်သေရှိမည်" (ဟေရှာ၊ ၂၆:၃) ဟုဆိုထားပါသည်။

မြော်လင့်စောင့်စားခြင်းသည် ဘုရားအဖြစ်တော်ကို နှုတ်မြွက်ဝန်ခံချီးမွမ်းခြင်းနှင့်မတူ ခြားနားပြီး ဘုရားသခင်မေတ္တာတော်နှင့် ဂုဏ်တော်များကို တိတ်ဆိတ်စွာ ကိုးကွယ်၍ စောင့်စားခြင်းဖြစ်သည်။

၃။ ဝန်ခံခြင်း – အပြစ်များကိုဝန်ချတောင်းပန်ခြင်း

ဘုရားသခင်ထံ အသနားခံတောင်းလျှောက်ခြင်း (သို့) တစ်ပါးသူအဖို့ တောင်းလျှောက်ခြင်းမပြုမီ ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်များနှင့် လွန်ကျူးခြင်း၊ မလိုတော်မဆောင်ခဲ့ခြင်းများကိုလည်း တောင်းပန်ဝန်ချရန် လွန်စွာအရေးကြီးလှပါသည်။ ဘုရားသခင်ထံတော်သို့ အသနားခံတိုးလျှိုးဝင်ရောက်သောအခါတွင် ဝန်ချတောင်းပန်ခြင်းသည် စစ်မှန်သော မိတ်သဟာယကိုဖြစ်စေပါသည်။

သက်သေခံသော နှုတ်ထွက်ကျမ်းစကားများ

က။ "ကိုယ့်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ငှင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငှင်း ပြည့်စုံတော်မူ၏" (၁ယော၁း၉)

ခ။ "ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကို ငဲ့ကွက်လျှင် ဘုရားရှင်သည် နားထောင်တော်မမူ" (ဆာ၊၆၆း၁၈)

ဂ။ "အကျွန်ုပ်နှလုံးကိုသိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ" (ဆာ၊ ၁၃၉း၂၃-၂၄)

အထက်ပါအတိုင်း ဆုတောင်းကြမည်ဆိုလျှင် ကျွန်ုပ်တို့လွန်ကျူးခဲ့သော၊ ဖော်ဆောင်မှုမပြုခဲ့သော အပြစ်များကိုဖော်ပြရန်တောင်းခံသင့်ပေသည်။ ဘုရားသခင်ဖွင့်ပြတော်မူ သည့် အရာများကို ဝန်ချတောင်းပန်သင့်သည်။ ထိုသို့ဝန်ချတောင်းပန်ခြင်းသည် ဘုရားသခင်အကျိုးအတွက်မဟုတ် ကျွန်ုပ်တိုအတွက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့အပြစ်များကိုကား ဘုရားသခင်သည် သိမြင်တော်မူပြီးဖြစ်သည်။ ကျွန်ုပ်တို့အား အပြစ်များမှ လွတ်ငြိမ်းစေခြင်း၊ ဆေးကြောခြင်းအမှုကိုခံယူစေ ရုံသာမက ထိုအပြစ်မှ လွတ်မြောက်စင်ကြယ်ခြင်းနှင့်အတူ အနာဂတ်၌ ထိုအပြစ်နှံ့ကိုလည်းရှောင်ကျဉ်ဖယ်ရှားစေရန် အလိုတော်ရှိပါသည်။ အပြစ်များကို ဝန်ချတောင်းပန်မှုပြုသောအခါတွင် တိကျသောဝန်ချတောင်းပန်မှုများ ပြုလုပ်ရန် လွန်စွာအရေးကြီးလှပေသည်။ "ကိုယ့်အပြစ်များကို ဖော်ပြပါ၏" (ဆာ၊၃၈း၁၈)ဟု ဆာလံဆရာမှဆိုခဲ့သည်။

ဝန်ချတောင်းပန်ခြင်း ကိစ္စရပ်တိုင်းသည် "ဘုရားသ ခင်နှင့်တစ်သဘောတည်း"ဖြစ်စေခြင်းဖြစ်သည်။ အပြစ်များဝန်ချခြင်းသည် ဘုရားသခင်စကားတော်အတိုင်း ဝိညာဉ်ဘုရား၏ ဖော်ပြမှုတို့မှာ အပြစ်ဖြစ်ကြောင်း သဘောတူဝန်ခံခြင်းဖြစ်သည်။ ဓမ္မဟောင်းရှိ ယဇ်ပုရောဟိတ်သည် တံတိုင်းတော်သို့ ဝင်သောအခါ ဆေးကြောခြင်းအမှုပြုရသည့်နည်းတူ (၁ချုပ်၊၂၉)၊ ကျွန်ုပ်တို့ဆုတောင်းပဌနာပြုချိန်များတွင် ဝိညာဉ်ဗိမာန်တော်စင်ကြယ်စေခြင်း(သို့)စင်ကြယ်ကြောင်း ပြည့်ဝနိုင်ရန် အချိန်ယူကြရမည်။ ထိုသို့အချိန်ယူခြင်းက "စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျှက်" (၂ကော၊၇း၁)ဟူသော စကားတော်အတိုင်း ကျွန်ုပ်တို့အတွက် အကျိုးကျေးဇူးများစွာ ဖြစ်စေပါသည်။

ဆက်လက်ဖော်ပြသွားပါမည် ➤➤

## ဧပြီလ မှ မေလ Easter Porject အတွင်းလုပ်ဆောင်ချက်များ

| | | |
|---|---|---|
| ဝေစာဝေခဲ့သောအိမ်ခြေပေါင်း | = | ၉၂,၅၉၆ |
| အများပြည်သူနေများဝေခြင်း | = | ၁၃,၆၁၅ |
| ဝေစာစောင်ရေပေါင်း | = | ၁၀၆,၂၁၁ |
| အသင်းတော်များနှင့်လက်တွဲမှု | = | ၇၀ |
| စေတနာအမှုတော်ဆောင်များပါဝင်များ | = | ၆၆၂ |
| အင်တာနက်ဖြင့် ဧဝံဂေလိဟောမှု | = | ၉၃,၀၅၆ |
| သင်တန်းများပြုလုပ်ခြင်း | = | ၆၇၉ |
| ရေနှစ်ခြင်းမင်္ဂလာခံယူသူ | = | ၁၄ |
| တပည့်တော်စုအသစ် | = | ၃ |
| ဧဝံဂေလိနှင့် ဝေစာဝေခြင်းမှ တုန့်ပြန်သူ | = | ၂,၂၇၁ |


**အိမ်တိုင်ရာရောက်ခရစ်တော်၏သာသနာပြုအဖွဲ့**

www.everyhomemyanmar.org

Condo(D-7), FMI-City, လှိုင်သာယာမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး။